Australian Government
Department of Home Affairs

# ၂၀၂ ဗီဇာခွဲ ကိုင်ဆောင်သူများအတွက် အကြောင်းအချက်

## အနှစ်ချုပ်

၂၀၂ (နိုင်ငံတကာ အထူး လူသားချင်း စာနာထောက်ထားမှု) ဗီဇာခွဲကို သင့်အား ချထားပေးပါသည်။

ဤဗီဇာဖြင့် အောက်ပါတို့ကို သင်ဆောင်ရွက်နိုင်သည် -

- ဩစတေးလျတွင် အမြဲတမ်း နေထိုင်နိုင်သည်။
- ဩစတေးလျတွင် အလုပ်လုပ်နိုင်၊ စာသင်ကြားနိုင်သည်။
- ဩစတြေးလျ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်ဖြစ်သည့် မယ်ဒီကဲတွင် စာရင်းသွင်းနိုင်သည်။
- မိသားစုဝင်များကို အမြဲတမ်းနေထိုင်ခွင့်အတွက် အဆိုပြုနိုင်သည်။
- ဩစတေးလျအဝင်အထွက်ကို ၅ နှစ်တာ ခွင့်ပြုသည်။
- သတ်မှတ်ချက်ကိုက်ညီပါက ဩစတြေးလျနိုင်ငံသား ဖြစ်နိုင်သည်။
- ရွှေ့ပြောင်း သက်ကြီးအင်္ဂလိပ်စာအစီအစဉ် (Adult Migrant English Program)မှတဆင့် အခမဲ့ အင်္ဂလိပ်စာ သင်တန်းများ တက်ရောက်နိုင်သည်။

ဤသည် အမြဲတမ်းဗီဇာ ဖြစ်ပါသည်။ ဤဗီဇာသည် သင့်အား ဩစတြေးလျတွင် အမြဲတမ်း နေနိုင်ခွင့် ပြုပါသည်။ သင်သည် ဤဗီဇာဖြင့် ဩစတြေးလျသို့ ဝင်ရောက်လာသည့်နေ့တွင် အမြဲတမ်းနေထိုင်ခွင့်ရသူ ဖြစ်လာပါမည်။ နိုင်ငံသားဖြစ်ရေးအတွက်၊ သင်၏ အမြဲတမ်း နေထိုင်သည့်ကာလသည် ဤဗီဇာဖြင့် ဩစတြေးလျသို့ သင် ဝင်ရောက်သည့်နေ့တွင် စတင်ပါသည်။

## ဩစတေးလျသို့ရောက်ရှိခြင်း

သင်နှင့် သင့်အားအဆိုပြုသူသည် လမ်းခရီးစီစဉ်ရန်နှင့် ကြိုတင်လက်မှတ်ဝယ်ရန် သင်၏ ခရီးစီမံခန့်ခွဲမှု မန်နေဂျာကို ဆက်သွယ်နိုင်ပါသည်။ ဤခရီးစရိတ်သည် သင့် သို့မဟုတ် သင့်အားအဆိုပြုသူ၏ တာဝန် ဖြစ်သည်။

ဩစတြေးလျသို့ လမ်းခရီးအတွက် အကူအညီကို ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) မှတဆင့်လည်း ၎င်းတို့၏ ကြိုတင်ငွေပေး ရွှေ့ပြောင်းနေထိုင် လမ်းခရီးအစီအစဉ်အောက်တွင် ရရှိနိုင်သည်။ နောက်ထပ် အကြောင်းအချက်များကို IOM ဝဘ်ဆိုက် https://australia.iom.int/travel-assistance-migration-australia-iom-australiaတွင် ရှိပါသည်။

သင် သို့မဟုတ် သင့်အားအဆိုပြုသူသည် ဤဌာနအား ခရီးစဉ်ကြိုတင်စီစဉ်မှုကို အကြောင်းကြားသင့်ပြီး၊ သို့မှသာ ဩစတြေးလျသို့ ခရီးမသွားမီ ဩစတြေးလျယဉ်ကျေးမှုဆိုင်ရာလမ်းညွှန် (AUSCO) အစီအစဉ်သို့ တက်ရောက်ရန် ဖိတ်ကြားလွှာနှင့် ဩစတြေးလျသို့ ရောက်ရှိပြီး အခြေချနေထိုင်မှုဆိုင်ရာ အကူအညီများ ရရှိကြောင်း သေချာစေရန် စီစဉ်ပေးပါမည်။

## ဩစတြေးလျ ရွှေ့ပြောင်းနေထိုင်ခြင်းအဆင့် (AMS) အင်မီကတ် (ImmiCard)

ဩစတြေးလျအစိုးရသည် ၂၀၂ ဗီဇာခွဲ နှင့် အခြား လူသားချင်း စာနာထောက်ထားမှုဆိုင်ရာဗီဇာ ကိုင်ဆောင်သူများကို AMS ImmiCard ထုတ်ပေးပါသည်။ AMS ImmiCard သည် တရားဝင် နိုင်ငံတကာ မြို့ပြလေကြောင်းအဖွဲ့ (ICAO)နှင့် ကိုက်ညီသော ခရီးသွားမှတ်တမ်း ဖြစ်ပါသည်။ ဤမှတ်တမ်းသည် အစိုးရလုပ်ငန်းများအတွက် သင် သတ်မှတ်ချက်နှင့် ညီကြောင်း သက်သေပြရန်နှင့် သင့်ဗီဇာ အသေးစိတ်ကို စစ်ဆေးရန် ဩစတြေးလျတွင် အသုံးပြုနိုင်သည့် အထောက် အထားမှတ်တမ်း တစ်ခုလည်း ဖြစ်ပါသည်။

သင်သည် သင်၏ ImmiCard ကို ဩစတြေးလျသို့ အလာခရီးအတွက် တရားဝင် ခရီးသွားမှတ်တမ်းအဖြစ် အသုံးပြု နိုင်ပါသည်။ ဤမှတ်တမ်းတွင် လေကြောင်းလိုင်းဝန်ထမ်းများက သင့်ဗီဇာကို စစ်ဆေးရန် စက်ဖြင့် ဖတ်နိုင်သောနေရာ ပါရှိပါသည်။ သင်သည် သင်၏ ImmiCard ကို လေဆိပ်တွင် တင်ပြရမည်၊ မတင်ပြပါက သင်သည် ဩစတြေးလျသို့ လာနိုင်မည် မဟုတ်ပါ။ သင် ဩစတြေးလျသို့ မလာမီ သင့်အား သင်၏ ImmiCard ပေးပါမည်။

သင့်တွင် နိုင်ငံကူးလက်မှတ်ရှိပြီး ဩစတြေးလျသို့ လာရာတွင် အသုံးပြုလိုပါက ဤဌာနသို့ အကြောင်းကြားသင့်ပြီး၊ သို့မှသာ ၎င်းကို သင့်ဗီဇာနှင့် ချိတ်ဆက်ပေးနိုင်ပါမည်။ သင့် နိုင်ငံကူးလက်မှတ်အကြောင်း သို့မဟုတ် သင့်နိုင်ငံကူး လက်မှတ်အသေးစိတ် အပြောင်းအလဲများကို အကြောင်းကြားရန် https://immi.homeaffairs.gov.au/change-in-situation/passport-details သို့ သွားပြီး ' Update Details - Web Form' ကို ရွေးပါ။ ထိုသို့မလုပ်ပါက ဩစတေးလျသို့ လာနိုင်မည် မဟုတ်ပါ။

ဩစတြေးလျသို့ ရောက်ရှိပြီးနောက် ဩစတြေးလျပြင်ပသို့ ခရီးသွားလိုပါက၊ သင့်တွင် တရားဝင်နိုင်ငံကူးလက်မှတ် သို့မဟုတ် နိုင်ငံသားမဟုတ်သူ ခရီးသွားလက်မှတ် ရှိရပါမည် (ဩစတြေးလျ နိုင်ငံကူးလက်မှတ်ရုံးမှ ရနိုင်ပါသည်) ။

သင့်ဗီဇာခွင့်ပြုသည့်နေ့မှ ၅နှစ်နောက်ပိုင်းတွင် ဩစတြေးလျအပြင်သို့ ခရီးသွားပြီး ပြန်လာလိုပါက၊ သင် ဩစတြေးလျ နိုင်ငံသား မဖြစ်သေးပါက Resident Return Visa လိုအပ်ပါမည်။

## ခရီးမသွားမီ ဆေးစစ်ခြင်း

သင်၏ ခရီးစီမံခန့်ခွဲမှု မန်နေဂျာသည် ဩစတြေးလျသို့ မသွားမီ ၇၂နာရီအတွင်း အခမဲ့ ဆေးစစ်ရန် အကြောင်း ကြားပါမည်။

သင်၏ ခရီးမသွားမီ ဆေးစစ်ခြင်းတွင် အောက်ပါတို့ ပါဝင်နိုင်သည်-

- ခရီးသွားရန် ကျန်းမာရေးနှင့် ညီညွတ်မှု စစ်ဆေးခြင်း
- ကိုယ်ခါးခြေလက် စစ်ဆေးခြင်း
- ကိုယ်ဝန် စမ်းသပ်ခြင်း
- ကူးစက်နိုင်သောရောဂါများအတွက် စမ်းသပ်ခြင်း
- ဝက်သက်၊ ပါးချိတ်ရောင်နှင့် ဂျိုက်သိုးရောဂါစသော ကာကွယ်ဆေးများ လိုအပ်ပါက ထိုးနှံခြင်း
- ကပ်ပါးပိုးများနှင့် ရောဂါပိုးများကို လိုအပ်ပါက ကုသခြင်း

သင်သည် ဩစတြေးလျသို့ ရောက်ရှိပြီးနောက် မည်သည့် ကျန်းမာရေးအခြေအနေအတွက်မဆို ဆေးကုသမှု ခံယူရန် သဘောတူရပါမည်။

## ဩစတြေးလျ ယဉ်ကျေးမှုလမ်းညွှန် (AUSCO) အစီအစဉ်

ဩစတေးလျသို့ ခရီးသွားခြင်းဆိုင်ရာ အကြံပေးချက်များ ရယူရန် သင်မခရီးသွားမီ AUSCO ဆွေးနွေးပွဲများသို့ တက်ရောက်ရန် ဖိတ်ကြားပါမည်။ ဤ ဆွေးနွေးပွဲများတွင် အခြေချနေထိုင်ခြင်း ဝန်ဆောင်လုပ်ငန်းများ၊ အိမ်ရာများ၊ ပညာရေးနှင့် အလုပ်အကိုင်များအပါအဝင် ဩစတြေးလျတွင် နေထိုင်မှုအကြောင်း အကျဉ်းချုပ်ကို သင် ရရှိပါမည်။

AUSCO အစီအစဉ်၏ ရည်ရွယ်ချက်မှာ-

- ခရီးသွားခြင်း လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တိကျသော အကြောင်းအချက်များကို ပေးရန်
- အခြေချနေထိုင်ခြင်းအဆင့်ဆင့်ကို ရှင်းလင်းပြီး၊ ရောက်ရှိပြီးနောက် အခြေချနေထိုင်ခြင်း ဝန်ဆောင်လုပ်ငန်းများနှင့် ၎င်းတို့ကို ရယူပုံအကြောင်း လက်တွေ့ကျကျ အကြောင်းအချက်များကို ပေးရန်
- ဩစတြေးလျတွင်နေထိုင်မှုအတွက် လက်တွေ့ကျသော အကြောင်းများ တင်ပြရန်
- ဩစတြေးလျသို့ ရောက်ရှိပြီး အင်္ဂလိပ်စာသင်တန်းကို တိုက်တွန်းရန်
- မိမိကိုယ်ကို အားကိုးနိုင်ရန် လိုအပ်သော အခြေခံ အရည်အချင်းများကို ဆွေးနွေးပွဲလာသူများအား ပေးနိုင်ရန်
- ကနဦး အခြေချနေထိုင်မှုဆိုင်ရာ စိုးရိမ်ပူပန်မှုများနှင့် ဓလေ့ထုံးစံ၊ လူမှုရေးနှင့် စီးပွားရေး လိုက်လျောညီထွေစွာ ပြောင်းလဲခြင်း အဆင့်ဆင့်ကို ဖြေရှင်းရာတွင် ဆွေးနွေးပွဲလာသူများအား လိုအပ်သောနည်းများ ရရှိစေရန် ဤတွင် ဩစတြေးလျဥပဒေများနှင့် ပုံမှန်သတ်မှတ်ချက် အကြောင်းအချက်များ ပါဝင်သည်။

ဤ ၅ ရက်တာအစီအစဉ်သည် အသက် ၅နှစ်အထက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဗီဇာ ကိုင်ဆောင်ထားသူအားလုံးအတွက် အခမဲ့ဖြစ်ပြီး ရရှိနိုင်ပါသည်။ ဤသည်မှာ သင်မရောက်ရှိမီ ဩစတြေးလျတွင် နေထိုင်မှုအကြောင်းကို နားလည်စေရန် စီစဉ်ထားသည်။

ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) သည် ဤဌာနကိုယ်စား အစီအစဉ်ပြုလုပ်ရန် သဘောတူထားပြီး AUSCO ဆွေးနွေးပွဲ တက်ရောက်ရန် သင့်အား ဖိတ်ခေါ်ရန် ဆက်သွယ်ပါမည်။